# ထူးတဲ့မောင်မယ်ဖြစ်ခြင်းသလား

၁။ အထက်ပါမေးခွန်းကို တစ်ခါမျှ မတွေ့ဘူးပါဘူး။

၂။ အဲဒီမေးခွန်းက ဖြေဖို့လွယ်လွန်းလို့ ဖြေတဲ့သူတိုင်း ၁၀၀ ရာခိုင်နှုန်းအောင်မှာ သေချာတယ်

၃။ ဘာဖြစ်လို့လဲဆိုရင် သိတတ်တဲ့အရွယ် ကစပြီး သက်ကြီးရွယ်အိုအထိထူးတဲ့ ဖိုးဖိုး၊ ထူးတဲ့ဖွါးဖွါးဖြစ်ချင်ကြလို့ပါဘဲ။

ကျွန်တော်ကတော့ စာရှုသူများ ထက်ပိုတောင် ဖြစ်ချင်တယ်ဆိုတာကတော့ သေချာပါတယ်။

''ထူးတဲ့မောင်ဘွဲ့ရခဲ့ဘူးတဲ့ လူကတော့၊ လွန်ခဲ့တဲ့ ၅၈ ခုနှစ်က မြန်မာပြည် တပ်မတော်လေတပ်မှ ဗိုလ်မှူးခင်မောင်မြင့်ဘဲ ဖြစ်ပါတယ်။ သူကတပည့်တော်တစ်ဦးပါဘဲ၊ သူကဘာကြောင့် အဲဒီဘွဲ့ကို ရသလဲဆိုရင် (၁)သေနပ်ပစ်မှာ ပထမရတယ်။ (၂) အလေးမ မှာပထမရတယ် (၃) ပြေးခုန်ပစ်အားကစားမှာ ပထမ သုံးမျိုးမှာရတယ်၊ စုစုပေါင်းပထမ ရတာကတော့ (၅) ခုဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်လေတပ်မှာ 'ထူးတဲ့မောင်' ဘွဲ့နာမနဲ့ စလွယ်ရခဲ့ပြီး၊ သူ့ကို ဂုဏ်ပြုကြတယ်။ နောင်လာနောက်သားများ သမိုင်းအဖြစ် သိခဲ့စေချင်တဲ့အတွက် ဒီမှတ်တမ်းကလေးတော့ ကြားညှပ်ပါရစေ။

ခသ ၁၉၅၀ ခု၊ တပေါင်းတခေါင်လများ၊ နောင်ဆိုတဲ့ တပေါင်းနဲ့ပူပြင်းသော ရတုနွေဖြစ်တဲ့ ဧပြီလ၊ မြန်မာပြက္ခဒိန်အရ တပေါင်းတန်ခူးပေါ့၊ နေရာအားဖြင့် ရန်ကုန်တိုင်းကြည့်မြင်တိုင် မြို့နယ် ဗိုးကရာအနီး အေဘီအမ် မိန်းကလေးများကျောင်းမှာ၊ ဒုတိယကမ္ဘာစစ်ကြီး(ဂျပန်ခေတ်) အပြီးမှာ၊ ပထမဆုံး Bible Assembly လုပ်ကြပါတယ်။ ကျွန်တော်က တက္ကသိုလ်ကျောင်းသားဘဲ ရှိပါသေးတယ်။

Bible Assembly ဆိုဒါ စစ်ကြိုခေတ်မှာ နှစ်တိုင်း ဧပြီလမှာ၊ Oneness in Christ ဖေက် ၄း၄–၇ အတိုင်း ဂိုဏ်းဃနပေါင်းစုံ လူငယ်၊ ကျမ်းစာသင်ရင်း မိတ်သဟာရ ဖွဲ့တဲ့ အစီအစဉ်ပါ။ မေမြို့တောင်စခန်း (ယခုပြင်ဦးလွင်မြို့) မှာ နှစ်စဉ်နှစ်တိုင်းလုပ်စမြဲပါ။ မေမြို့ မှာ သာသနာက လူငယ်များအတွက် Bible Assembly မြေတကွက် ဝယ်ပေးထားတယ်။ ပထမကမ္ဘာစစ် ၁၉၁၄ ခုမှာပါ။

အေဘီအမ် မိန်းကလေးကျောင်းမှာ Bible Assembly ပြုလုပ်စဉ်က ကျွန်တော့်ကို လူငယ်များ ဝိညာဉ်ရေးရာမှာ မကဘဲ၊ ၁ကော ၃း၁၆ မှာ ပါတဲ့အတိုင်း မိမိတို့ရဲ့ ခန္ဓာကိုယ်ကိုလဲ၊ ဂရုစိုက်ဖို့ရန် စခန်းအချိန် ကာလအတွင်း အားကစားတာဝန်ခံအဖြစ်၊ ရာထူးကြီး အပေးခံရပါတယ်။ ၎င်းအချိန်မှာ တပည့်တော်လည်းဖြစ် 'ထူးတဲ့မောင်' လည်းဖြစ်ခဲ့တဲ့ ဗိုလ်မှူးခင်မောင်မြင့်ကို ဘိတ်ကြားပြီး စာတွေ့လက်တွေ့ ပြသစေခဲ့ပါတယ်။ ဒါက သမိုင်းကြောင်းကလေးကို ကြားညှပ်ဖော်ပြခြင်းဖြစ်ပါတယ်။

မထူးပါဘူးဆိုတဲ့ ဘဝမှ ထူးတဲ့မောင်မယ် ဖြစ်လာတာ ပိုမထူးဘူးလား။ 'ထူးတဲ့ မောင်' ရတဲ့ လူကတော့ မိမိကိုယ်တိုင်က စည်းကမ်းတကျ၊ ကြိုးစားလို့ ထိုက်ထိုက်တန်တန် ဘွဲ့နာမနဲ့ဂုဏ်ပြုခံထိုက်ပါပေတယ်။ ထိုထက် နှစ်ဆသော ဂုဏ်ပြုထိုက်သူမှာ မထူးတဲ့ ဘဝ အခြေအနေမှ၊ မထိုက်မတန်ဘဲ ဂုဏ်ပြုမြှင့်တင်ခြင်း ခံရတဲ့ လူကို အံ့သြစရာမကောင်းပေဘူးလား။

မထူးတော့ပါဘူး၊ ဝက်ဖြစ်တဲ့နောက်တော့ မစင်ရှောင်လို့ မဖြစ်တော့ဘူး ဆိုတဲ့ အိမ်ထောင်ဦးစီး တစ်ဦးကိုပြောပြရင် 'မထူးပါဘူး' ဆိုတဲ့ ဘဝကို ပိုသဘောပေါက်ကြမယ်လို့ ယူဆပြီးပြောပြပါရစေ။

ကျွန်တော်က ဒုတိယကမ္ဘာစစ်ကြီးအတွင်း (၁၉၄၂–၄၅) တွင် ဆယ်ကျော်သက် လူငယ်ပါဘဲ၊ မောင်နှမ (၇)ဦးနဲ့ မိဘနှစ်ဦး ပေါင်း (၉)ဦးရဲ့ စားဝတ်နေရေး၊ ရုန်းကန်တဲ့ဘဝကို အကူ အညီပေးသောအားဖြင့်၊ ကြက်ဥ၊ ဝက်၊ တောင်ယာထွက်ပစ္စည်းများနဲ့ သွားပြီးအမြတ်ရှာရင်း ပြည်ချောင်း၊ ချောင်းငယ်မြစ်ဖျားခံတဲ့ တစ်နေရာမှာရောက်နေချိန်ဖြစ်ပါတယ်။

လူမနီးတဲ့ တောကြီးတောင်ကြီးထဲမှာ

ကျား၊ ဆင်များ အန္တရာယ်တို့ကို ဂရုမပြုနိုင်ဘဲ၊
နေပူမရှောင်၊ မိုးရွာမရှောင်၊ ဓါးမ တစ်ချောင်းကို
အရင်းပြုပြီး တောင်ယာခုတ်၍၊ မိသားစုကို
ရှာဖွေကျွေးမွေးတဲ့ ဘခင်က စပါးရိတ်ချိန်
ယာခင်းမှ ယာထွက်ပစ္စည်းများရောင်းချပြီး
လက်ထဲမှာ မိသားစုအတွက် ရှာထားရာ၊
လက်တွင်ငွေရွှင်နေတဲ့ အချိန်ဖြစ်ပါတယ်။
အဲဒီအချိန်မှာ မြို့သားလူလယ်တွေက အကွက်
ကောင်းရှာပြီး ပြည်ချောင်း ချောင်းဖျားကို
တက်လာကြတယ်။ သူတို့နဲ့ပါလာတဲ့ ပစ္စည်း
နှစ်မျိုးကတော့ (၁)ဓါတ်စက် (၂)ဖဲထုပ်တွေ
ပါဘဲ။ ချောင်းဖျားမှာ ရှိတဲ့ ချင်းလူမျိုးတွေနဲ့
မိတ်သဟာရ ဖွဲ့တယ်။ ချင်းတွေက ရိုးသား
တဲ့ စေတနာနဲ့ ခေါင်ရည်နဲ့ ကြက်သား
ဝက်သားတွေနဲ့ ဧည့်ဝတ်ပြုကြတယ်။ ပြီးရင်
ဓါတ်စက် ဖွင့်တယ်။ ဓါတ်စက်ကိုနားထောင်တဲ့
လူတွေကို အခမဲ့နားထောင်စေဘို့ နေနေ
သာသာ လူကြီး လူငယ်တစ်ဦးကို တစ်မတ်
ကောက်တယ်။ ထိုခေတ်က တမတ်ဆိုတာ
တန်ဘိုးရှိတယ်။ ပြီးရင် ဖဲထုတ်များနဲ့ ဖဲဝိုင်း
ထောင်တယ်။ တောသားတွေက ဖဲအလိမ်ခံရ
တာလည်း မသိဘူး။ ရှေ့ပိုင်းမှာ အလျော်ပေး
တော့ စိတ်ကပါလာပြီး ထိုးကြတာကို တွေ့
ရတယ်။ အဲဒီဝိုင်းမှာ တစ်မိုးလုံး တစ်ဆောင်းလုံး
ရှာတဲ့ ပိုက်ဆံတွေအားလုံး ကုန်တော့တာဘဲ။
ကျွန်တော်လဲ ဘေးကကြည့်နေတယ်။
အဲဒီအိမ်ထောင်ဦးစီးက 'မထူးတော့ပါဘူး၊
ဝက်ဖြစ်မှတော့ မစင်ရှောင်လို့ မဖြစ်တော့ဘူး'
ဟုဆိုကာ၊ ဝတ်လာတဲ့ အကျီကလေးကို၊ ဖဲ
ဒိုင်လုပ်တဲ့ မြို့သားလူလည်ကို ရောင်းတော့
တာပါဘဲ၊ ဒိုင်လုပ်သူက၊ သနားလို့တော့
မဟုတ်ဘူး၊ သူ့ဆီက ရှိသမျှ အားလုံးရတော့
နှစ်ကျပ်ပေးလိုက်တယ်။ မိသားစုစားဝတ်
နေရေး ဘယ်လိုနေမလဲ စဉ်းစားပေးလို့မှ
မရတဲ့ မထူးတော့ပါဘူးဆိုတဲ့ ဘဝကိုနားလည်
နိုင်ကြဘို့ပါဘဲ။

အဲဒီဘခင်အိမ်ထောင်ဦးစီးထက် အဖြစ်ဆိုး
တဲ့ လူကတော့ ရှင်မာကု ၂း၁-၁၂ မှာ ပါတဲ့
လူလိုပါဘဲ၊ ခြေ လက် သေနေတဲ့လူဖြစ်တယ်။
လူများက လှည့်ပေးမှ တစ်ဖက်မှ တဖက်ကို
လှည့်နိုင်တယ်။ လူများက ခွံ့ပေးမှ စားနိုင်
တယ်။ ဒါပေမဲ့ သခင်ယေရှုခရစ် ထံမှာ ကိုယ်
တိုင်မျက်စိကန်းတဲ့ ဘဝမှ မျက်စိမြင်တဲ့လူ၊
နူနာစွဲနေရာမှ သန့်ရှင်းလာတဲ့သူ၊ ခြေမစွမ်း
မသန်ရာမှ၊ သန်စွမ်းလာသူ၊ နားမကြားရာမှ
ကြားလာရတဲ့ လူလေးယောက်က သူတို့ရဲ့
မိတ်ဆွေ အဖြစ်နဲ့ ထိုလက်ခြေ သေနေတဲ့လူ
ကို ထမ်းပြီးတော့ ခရစ်တော်ရှေ့ကို ယုံကြည်
ခြင်းအပြည့်နဲ့ ကြိုးဖန်ပြီးပို့ကြတယ်။ သခင်
ယေရှုက အိမ်တစ်အိမ်ထဲမှာ ဟောပြော သွန်
သင်နေတဲ့အချိန်ဖြစ်တယ်။ လူတွေက ပြည့်
ကြပ်နေပါတယ်။ မိတ်ဆွေ (၄)ဦးက ယုံကြည်
ခြင်းနဲ့ လက်ခြေသေနေတဲ့ မထူးတဲ့ ဘဝက
လူကို ကြံကြံဖန်ဖန် အိမ်ခေါင်မိုးကို ဖောက်ပြီး
ခရစ်တော်ရှေ့တည့်တည့် ရောက်အောင် ပခက်
နဲ့ ချပေးကြတယ်။ လူတွေက အံ့သြနေကြ
တယ်။ ခရစ်တော်က အဲဒီမထူးတော့ပါဘူး
ဘဝက လူကို 'သင့်အပြစ်လွှတ်ပြီ၊ သွားတော့'
လို့ ပြောလိုက်တယ်။ ထပြန်ခိုင်းလိုက်တယ်။

သာသနာခေါင်းဆောင်များဖြစ်တဲ့ ဖါရိရှဲ၊
ဇဒ္ဒုကဲများက ဘုရားကသာ အပြစ်လွှတ်
ပိုင်တာ၊ ဒီလူက ဘုရားကို ပုန်ကန်တဲ့လူဘဲလို့
စိတ်ဆိုးကြတယ်။ အဲဒီ မထူးတော့ပါဘူး ဆို
တဲ့ ဘဝထဲက ထူးတဲ့မောင်ဘဝနဲ့ပြန်ဝင်လာ
တာ နားထောင်နေတဲ့ ပရိသတ်များထက်
ပိုပြီးတော့ ဝမ်းမသာပေဘူးလား၊ လူတွေအံ့သြ
ကြတယ်။

**အပြစ်သား၊ မထူးတော့ပါလား။**

အာရုံငါးပါးကြောင့် ကိုယ်ထိလက်ရောက်
မပြစ်မှားဘဲ၊ စိတ်ထဲကပြစ်မှား နေတဲ့ ကျွန်
တော်ကျွန်မ လူသား၊ အပြစ်သားများက
မထူးဇတ်ဖွင့်ကာ မိမိကိုယ်ကို အဆုံးစီရင်
သွားဒါတွေ နေ့စဉ်မြင်ရ၊ ကြားရကြတယ်
မဟုတ်လား၊ အဲဒီလူတွေနဲ့စာရင် မထူးတော့ပါ
ဘူး၊ ဝက်ဖြစ်တဲ့နောက်တော့ မစင်ရှောင်လို့
မဖြစ်တော့ပါဘူး ဆိုတဲ့လူက ခံသာပါသေး
တယ်။

သခင်ယေရှုက မထူးဇတ် ဖွင့်နေတဲ့ ကျွန်
တော်ကျွန်မ တစ်ယောက်စီကို ချစ်တယ်။
သနား ဂရုဏာကြောင့်။ ကျွန်တော်ကျွန်မ
တစ်ယောက်စီရဲ့ အပြစ်များကို ခံယူ၍၊ အသွေး
တော်နဲ့ ဝယ်ယူဆေးကြောပြီးကားတိုင်ပေါ်မှာ
စတေးခံတဲ့ မေတ္တာ ဂရုဏာကြောင့် ထူးတဲ့
မောင်ဘဝကို မထိုက်တန်ဘဲ ပြောင်းလဲစေခဲ့ပြီး
ထာဝရအသက်ကို ပေးလျက် နေ့စဉ် ကောင်း
ကြီးမင်္ဂလာ၊ ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်း
ကိုပေးတော်မူသော အရှင်သခင်ယေရှုဘုရားကို
လက်ခံယုံကြည်လျက် မိမိနဲ့တကွ မိသားစုကို
ယေရှုဘုရားလက်ထဲ သို့အပ်နှံကြပါစို့လား။

မေတ္တာဖြင့်တင်ပြသူ

အဖိုးဦးဘသောင်းတင်